www.burmeseclassic.com


မွန်မြတ်တဲ့ values တွေကို နောက်ကွယ်မှာ ထားပြီးတော့ ကိုယ့်ရဲ့အတ္တကို မရှုတန်းတင်ပြီး ငါက ဘယ်လို၊ သူက ဘယ်လို၊ ငါ့ကားက ဘယ်လို၊ သူ့ကားက ဘယ်လို၊ အဲဒါမျိုးတွေကြောင့် လေးလံတယ်။ အရာရာတိုင်းကို အတ္တရှုဒေါင့်ကနေ ကြည့်နေလို့ လေးလံတာ။

အတ္တစွဲကြီးကြီးနဲ့၊ သေးသိမ်တဲ့စိတ်နဲ့၊ သဘောထားသေးတဲ့စိတ်နဲ့ ဘဝကို နေသွားနေတာ လေးလံတယ်၊ အတ္တစွဲကို လျှော့ပြီး မာနကိုလည်း လျှော့ပြီး၊ သဘောထားကြီးတဲ့စိတ်နဲ့ မြင့်မြတ်တဲ့ values တစ်ခုကို တန်ဖိုးထားပြီးတော့ ဘယ်လိုအခြေအနေမှာဖြစ်ဖြစ် ဒီ values ကို အပျောက်မခံပဲနဲ့ ကိုယ့်ဘဝကိုကိုယ် နေသွားမယ်ဆိုရင် ပိုပြီးတော့ ပေါ့ပါးမယ်။

(လွတ်လပ်မှုရဲ့အရသာဆိုတာ အဲဒီလိုနေမှ ခံစားမိတာ။ values ကို ခံစားမိမှ လွတ်လပ်မှုရဲ့အရသာ ပေါ်တာ။ relationships တွေဆိုရင်လည်း value ကို ခံစားမိမှ အရသာပေါ်လာတယ်။)

value ဆိုတာက ပုဂ္ဂိုလ်သတ္တဝါ အတ္တ မဟုတ်ဘူး၊ မြင့်မြတ်တဲ့ သဘောတရားတစ်ခုပဲ၊ တန်ဖိုးထားစရာတစ်ခုပဲ ဖြစ်နေတော့၊ ကိုယ့်ရဲ့ ပုဂ္ဂိုလ် အတ္တ မာနနဲ့ မဆိုင်ပဲနဲ့ တစ်လောကလုံးက တန်ဖိုးထားစရာကောင်းတဲ့ မြင့်မြတ်တဲ့ value ကို ကိုယ့်ဘဝမှာ အမြင့်ဆုံးနေရာမှာ အကောင်းဆုံးနေရာမှာ ထားလိုက်ပြီးတော့ အဲဒီ value ကိုယ့်ဘဝမှာ အကောင်အထည် ပေါ်ဖို့ကိုပဲ ဦးစားပေးပြီးတော့ နေသွားတာ ကျေနပ်စရာအကောင်းဆုံးပဲ။ လွတ်လပ်မှုလည်း အရှိဆုံးပဲ။

အတ္တစွဲနဲ့ နေရတာ မလွတ်လပ်ဘူး။

မြင့်မြတ်မှုကို တန်ဖိုးထားပြီးနေရတာ လွတ်လပ်တယ်။

(အထူးသဖြင့် လူတွေမှာ လူအချင်းချင်းဆက်ဆံရေး သဘောထား မှန်ဖို့လိုတယ်။ လူအချင်းချင်း ဆက်ဆံရေးမှာ value ကို အဓိကထားဖို့ ပိုပြီးတော့လိုတယ်။)

ဟုတ်တယ်။

(ဘယ်သူဘယ်ဝါဆိုတဲ့ သတ်မှတ်ချက်တွေ မဟုတ်တော့ပဲ ဒီလူရဲ့ တန်ဖိုးထားစရာကောင်းတဲ့ မြင့်မားတဲ့ ရည်ရွယ်ချက် ရည်မှန်းချက်တွေကို တန်ဖိုးထားပြီး လေးလေးစားစား ဆက်ဆံတာ ဖြစ်သွားတယ်၊ value

www.burmeseclassic.com